ထီးလှိုင်(ရ)ကျေးရွာ

ထီးလှိုင်အုပ်စု

ဝမ်းတွင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈- ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထီးလှိုင်ကျေးရွာ၊ ဝမ်းတွင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဇွန် လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား	၂
၃။	လူဦးရေဆိုင်ရာအချက်အလက်များ	၂
၄။	စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု	၂-၄
၅။	ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု	၄-၅
၆။	ကျန်းမာရေးနှင့်အာဟာရ	၅
၇။	ပညာရေးနှင့်ကျွမ်းကျင်မှု	၅-၆
၈။	ကျားမဆိုင်ရာဆက်သွယ်မှု	၆
၉။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု	၆
၁၀။	သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ	၆-၇
၁၁။	စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၇-၈
၁၂။	ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၈
၁၃။	ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၈-၉
၁၄။	လူငယ်နှင့်ယဉ်ကျေးမှု၊အားကစား	၉
၁၅။	အခြေခံအဆောက်အဦးများလက်လှမ်းမီမှု၊လမ်းတံတား လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး	၉-၁၀
၁၆။	တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး	၁၀
၁၇။	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	၁၀

၁၈။	အဟန့်အတားများ၊ကျော်လွှားရမည့်စိန်ခေါ်မှုများ	၁၀-၁၁
၁၉။	ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ	၁၁
၂၀။	ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း	၁၂
၂၁။	ငွေကြေးနှင့်ဘဏ္ဍာလုပ်ငန်းများ	၁၂
၂၂။	စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ	၁၂
၂၃။	ဦးစားပေးစီမံချက်များ	၁၂
၂၄။	ကျေးရွာဖွံ့ဖြိုးရေးအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ	၁၃
၂၅။	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ	၁၃
၂၆။	စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း	၁၄
၂၇။	အကောင်အထည်ဖော်မည့်အချိန်ကာလ	၁၅
၂၈။	ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း	၁၆
၃၀။	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ	၁၆ ၁၆
၃၁။	စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း	၁၆
၃၂။	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအခြေအနေ	၁၆

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်ရေးဆွဲခြင်း

နိဒါန်း

၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအ တွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။ ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ကျေးရွာ ရပ်မိ/ရပ်ဖများ ကျေးရွာ တာဝန်ရှိသူများစသည် လူနည်းစု၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက် ခဲ့ကြသည်။ ယခုအခါ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းအား တစ်ရွာလုံးပါဝင် ဆွေးနွေးခွင့်၊ ဆုံးဖြတ် ပိုင်ခွင့်များဖြင့် ဦးစားပေးရွေးချယ် ဆောင်ရွက်ရသောကြောင့် ကျေးရွာလူထုကိုယ်တိုင် တက်ကြွ စွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲသည့် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

၂။ ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံ တွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုပံ့ ပိုးမှုဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ပြီးပြတ်အောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်း လင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစား ပေးလုပ်ငန်း များလုပ်ဆောင်ရန် လိုအပ်သော အရာ များနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ် ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိ စေရန်

မျှော်လင့်ပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။

၂

တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

၃။ ကျွန်ုပ်တို့၏ ထီးလှိုင်(အရှေ့)ကျေးရွာသည် ဂမ်းတွင်းမြို့၏ တောင်ဘက်(၂) မိုင်ခန့် အကွာအ ဝေး ရှိပါသည်။ မြေအမျိုးအစားမှာလည်း သဲနှင့် မြေစေးရောနှောလျက် ရှိပါသည်။

လူဦးရေဆိုင်ရာအချက်အလက်များ

၄။ **ကျွန်ုပ်တို့၏ ထီးလှိုင်(အရှေ့)ကျေးရွာတွင် အိမ်ခြေ(၂၅၆)အိမ်၊ အိမ်ထောင်စု(၃၀၀)စု လူဦးရေ စုစုပေါင်း (၁၁၃၀) ရှိပါသည်။ ကျားဦးရေမှာ (၅၀၈)ဦး ရှိပါသည်။ မဦးရေမှာ (၆၂၂)ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ(၄.၄)ရှိသဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ စံနှုန်းဖြစ်သော တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေ တိုးပွားမှုမှာ (၅)ယောက်နှုန်းထက် အနည်းငယ်သာ လျော့နည်းနေပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင် သူဦးရေမှာ (၇၃၇)ဦး၊ (၆၅.၂%) ရှိပြီး၊ မှီခိုလူဦးရေမှာ (၃၉၃)ဦး၊ (၃၄.၈%) ရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သော အရွယ် လူဦးရေမှာအသင့်အတင့် ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင် နိုင်သောအရွယ် တွင် အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေ ထက်(၇၅) ဦး၊ (၆.၆%) ပိုများသည်ကို တွေ့ရှိရပါသည်။ (၁)နှစ်အောက် လူဦးရေမှာ(၄၃)ဦး (၃.၈%)ရှိသည်ကို တွေ့ရှိရပါသည်။ (၅)နှစ်အောက် လူဦးရေမှာ (၇၀)ဦး (၆%) ရှိသဖြင့် (၅)နှစ် အောက် ကလေးများအား ကာကွယ်ဆေးထိုးရမည့် အရေအတွက် အတိအကျသိရပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်း နေအရွယ် လူဦးရေကိုလည်း သိရှိရပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ၊ မရှိကို အလွယ်တကူ သိရှိရပါသည်။ (၆၅) နှစ်အထက် သက်ကြီးရွယ်အို (၁၀၆)ဦး (၉.၄%)ရှိသဖြင့် ကျန်းမာရေး အခြေအနေ ကောင်းမွန်ကြောင်း သိရှိရပါသည်။**

စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

၅။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ယက္ကန်းလုပ်ငန်းဖြစ်သော်လည်း ကျေးရွာရှိ အိမ်ခြေ စုစုပေါင်း (၂၅၆)အိမ် **လူဦးရေ(၁၁၃၀)ရှိသည့်အနက်မှ အိမ်ခြေ(၅၀) မှာ ကိုယ်ပိုင်ယက္ကန်း တည်ထောင်ပြီး မိသားစုဝင်လုပ်အားမှာ(၁၂၇)ဦးရှိသည်ကို တွေ့ရှိရပါ သည်။ ယက္ကန်းလုပ်ငန်း နေ့စားအဖြစ် အလုပ်လုပ်ကိုင်သူ အိမ်ထောင်စု(၅၉)အိမ်ရှိပြီး မိသားစုဝင်လုပ်အား (၁၂၂)ဦးရှိသည်ကို တွေ့ရှိ ရပါသည်။ အိမ်ခြေ(၈၅)အိမ်ရှိပြီး လူဦးရေ(၁၅၉)ဦးမှာ ကြုံရာလုပ်ငန်းများတွင် နေ့စားအဖြစ် အလုပ် လုပ်ကိုင်နေပါသည်။စိုက်ပျိုးရေးလုပ်ငန်း**

၃

လုပ်ကိုင်သူ အိမ်ထောင်စု (၈) စုသာရှိပြီး မိသားစုလုပ်အား မှာ (၁၁)ဦးသာ ရှိပါသည်။ မွေးမြူ ရေးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုမှာ (၄)အိမ်သာ ရှိပါသည်။ ကိုယ်ပိုင် အရောင်းအဝယ် လုပ်ကိုင်သူအိမ်ထောင်စုမှာ (၂၉)အိမ်ထောင်စုရှိပြီး မိသားစုဝင်လုပ်အား(၅၉) ဦး ရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေး တွဲဘက်လုပ်ကိုင် သူ(၁၁)ဦး၊ မွေးမြူရေးလုပ်ငန်း တွဲဘက် လုပ်ကိုင်သူ(၁)ဦး၊ကျောင်းဆရာ/မအဖြစ် လုပ်ကိုင်သူ (၁၄)ဦး အရောင်းအဝယ် လုပ်သားအဖြစ် (၆)ဦး၊ ကားမောင်းသူ(၄)ဦး၊ ထော်လာကျီမောင်း လုပ်ကိုင်သူ (၄) ဦး၊ ကားဂိတ်တွင် လုပ်ကိုင်သူ (၁)ဦး၊ ဆိုင်ကယ်ပြင်ဆိုင်တွင် လုပ်ကိုင်သူ(၂)ဦး၊ ဆံပင်ညှပ်ဆိုင် လုပ်ကိုင်သူ(၁)ဦး၊ ကြုံရာ နေ့စားအဖြစ် တွဲဘက်လုပ်ကိုင်သူ(၂၅)ဦး၊ စုစုပေါင်း တွဲဘက်လုပ်အားအဖြစ် အလုပ်လုပ်ကိုင်သူ အရေအတွက် (၆၂)ဦး သာ ရှိပါသည်။

၆။ ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစား (၃)မျိုးရှိသည်ကို တွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခမှာ (၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်အားခ မှာ (၄၀၀၀) ကျပ်ဖြစ်သည်။ အမျိုးသမီးများ၏အများဆုံးလုပ်အားခမှာ (၄၀၀၀) ကျပ်ဖြစ်ပြီး အနည်း ဆုံး လုပ်အားခမှာ (၃၀၀၀) ကျပ် ဖြစ်ပါသည်။ ဆောက်လုပ်ရေးပန်းရံ၊ လက်သမားလုပ်ငန်းတွင် အမျိုး သားများ၏ အများဆုံးလုပ်အားခမှာ (၆၀၀၀) ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ (၆၀၀၀) ကျပ်ဖြစ် သည်။အမျိုးသမီးအများဆုံးလုပ်အားခမှာ (၄၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ (၃၅၀၀)ကျပ် ဖြစ်ပါသည်။လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်းများတွင် အမျိုးသားများ၏ အများဆုံး လုပ် အားခမှာ (၄၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ (၃၅၀၀)ကျပ်ဖြစ်သည်။အမျိုးသမီးများ၏ အများ ဆုံးလုပ်အားခမှာ (၃၅၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ (၃၅၀၀)ကျပ် ဖြစ်ပါသည်။ လုပ်ငန်း အားလုံး တွင်

အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုချင်း တူသော်လည်း လုပ်အားခအနေဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှုရှိသည်ကို တွေ့ရှိရပါသည်။

၇။ ကျေးရွာတွင် အိမ်ခြေ(၂၅၆)အိမ်ရှိသည့်အနက်မှ မြေယာမဲ့အိမ်ခြေ(၂၀၉) အိမ်(၈၁.၆%) ရှိသည်။ (၂.၅)ဧကအောက်အိမ်ခြေ(၁၈)အိမ်(၇%)ပိုင်ဆိုင်သူအား ဆင်းရဲသားတောင်သူဟု သတ်မှတ်ပါသည်။ (၂.၅)ဧကမှ(၅)ဧကကြား အိမ်ခြေ(၈)အိမ်(၃.၁%) ပိုင်ဆိုင်သူအား တောင်သူငယ်ဟု သတ်မှတ်ပါသည်။ (၅)ဧကမှ(၁၂.၅)ဧကကြား အိမ်ခြေ(၂၀)အိမ်(၇.၈%) ပိုင်ဆိုင်သူအား တောင်သူလတ်ဟု သတ်မှတ်ပါ သည်။ (၁၂.၅)ဧကအထက် အိမ်ခြေ(၂)အိမ်(၀.၈%) ပိုင်ဆိုင်သူအား တောင်သူကြီးဟု သတ်မှတ်ပါ သည်။ တောင်သူအများစုမှာ လယ်ယာမြေ များသာ ပိုင်ဆိုင်ပြီး စိုက်ပျိုးရေမရရှိပါသဖြင့် စိုက်ပျိုးရေး ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူနည်းပါသည်။ စိုက်ပျိုးမြေများသည် မိုးရာသီကို မျှော်ကိုးပြီး စိုက်ပျိုးရပါသည်။

ကျေးရွာတွင် အိမ်ခြေ(၂၅၆)အိမ်ရှိသည့်အနက်မှ အိမ်ခြေ(၂)အိမ်သာ ကိုယ်ပိုင်လက် တွန်းထွန်စက်(၂)စင်း၊ အိမ်ခြေ(၁)အိမ်မှ ရေစုပ်စက်(၁)လုံးသာ ပိုင်ဆိုင်ပါသည်။ ရိတ်သိမ်းခြွေလှေ့ စက် နှင့် ခြွေလှေ့စက်များကို ငှားရမ်းအသုံးပြုရပါသည်။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာပိုင် ဆိုင်မှု အားနည်းပါသည်။

ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

၈။ ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံး ကရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည် အရေးပါသည်ကို တွေ့ရသည်။ကျေးရွာ၏ဥစ္စာဓနအဆင့် အဆင့်(၄)ဆင့် သတ်မှတ်ထားသည် ကိုတွေ့ရသည်။ ချောင်လည်အဆင့် အိမ်ထောင်စု (၄)အိမ် (၁.၆%)၊ အလယ်အလတ်အဆင့် အိမ်ထောင်စု (၄၈) အိမ် (၁၈.၈%)၊ ဆင်းရဲ သော အိမ်ထောင်စု(၈၆)အိမ် (၃၃.၆ %)နှင့် အဆင်းရဲဆုံး အိမ်ထောင်စု (၁၁၈) အိမ် (၄၆.၁%) ရှိသည်။ ထို့ကြောင့် ချောင်လည်အဆင့် အိမ်ထောင်စု(၄)အိမ်နှင့် အလယ်အလတ်အဆင့် အိမ်ထောင်စု (၄၈)အိမ် များသာ တစ်နှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိပြီး ကျန်ဆင်းရဲသားအိမ်ထောင်စု (၈၆) အိမ် (၃၃.၆ %) နှင့် အဆင်းရဲဆုံးအိမ်ထောင်စု (၁၁၈)အိမ် (၄၆.၁%)သည် တစ်နှစ်ပါတ်လုံး ဝမ်းစာဖူလုံမှု မရှိကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှု မရှိသော အိမ်ထောင်စုပေါင်း (၂၀၄) အိမ် (၇၉.၇%) မှာ ချောင်လည်အဆင့်နှင့် အလယ်အလတ် အိမ်ထောင်စုများတွင် နေ့စား အငှါးလုပ်ကိုင်ကြရသော်လည်း အလုပ်ပုံမှန် မရကြဘဲ နေ့စားခမှာလည်း နည်းကြသည်။ ပိုင်ဆိုင်ပစ္စည်း အနေဖြင့်လည်း မျှတမှု မရှိကြောင်း တွေ့ရသည်။ ချောင်လည်အဆင့်နှင့် အလယ်အလတ်အဆင့်မှာ (၅၂) အိမ်ရှိပြီး အိမ်ထောင်စု

အရေအတွက်အားဖြင့် နည်းသော်လည်း ပိုင်ဆိုင်မှုတွင် များစွာပိုင်ဆိုင်သည်ကို တွေ့ရသည်။ ကျန်ဆင်းရဲနှင့် အဆင်းရဲဆုံး အိမ် ထောင်စုများမှာ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှု အလွန်နည်းပြီး မြေယာမဲ့ကျပမ်းများ၊ ဆင်းရဲ သားတောင်သူများနှင့် တောင်သူငယ်များ ဖြစ် သည်ကို တွေ့ကြရသည်။

၉။ ကျေးရွာတွင် အဆင့် (၃) မိသားစု၏ (၈၆) အိမ်နှင့် အဆင့် (၄) မိသားစု ၏ (၁၁၈) အိမ်၊ စုစု ပေါင်း (၂၀၄) အိမ်ထောင်စုအား စီစစ်ကြည့်ရာတွင် ကျေးရွာတွင် တစ်နေ့လျှင် အနည်းဆုံး သုံးနပ်စား နိုင်သည့် အိမ်ထောင်စုများမှာ (၃)လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စုရှိပြီး လုပ်အားခကြို ယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီး ပြန်လည်ဆပ်ခြင်းဖြင့် ဖြေရှင်း ကြသည်။ ၄င်းမိသားစု များမှာ ငွေနှင့်ရိက္ခာတို့ကို အတိုးနှုန်းကြီးစွာဖြင့် ချေးယူကြရပြီး လုပ်အားဖြင့် ပြန်လည်ပေးဆပ်ကြရသည်။ **ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အိမ်ထောင်စု(၈)အိမ်မှ (က-၃၈၊မ-၃၉)ဦးရှိသည်။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့် အိမ် ထောင်စု(၆၀)စုရှိပါသည်။ စောင့်ရှောက်မှုမရှိသော အမျိုးသမီးအိမ် ထောင်စု(၁)စုရှိပြီး ရိက္ခာ ပြတ်လပ်ပါက ရပ်ဆွေရပ်မျိုးနှင့် အိမ်နီးချင်းများမှ ကူညီပေး ကြပါသည်။**

၅

၁၀။ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် စိုက်ပျိုးရေ ရရှိနိုင်ခြင်း မရှိကြပါ။အမျိုး သမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းအိမ်ထောင်စုများ မှာလည်း အမျိုးသမီးများ၏လုပ်အားခနည်းခြင်း၊ အလုပ် အကိုင်နှင့် ဝင်ငွေ ပုံမှန်မရှိခြင်း၊ မိသားစုများ ခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ လှည့်လည် သွားလာ၍ ဈေးရောင်းသူများနှင့် ကားသမားများမှာလည်း ယာဉ်အန္တရာယ် အချိန်မရွေး ကျ ရောက်နိုင်ခြင်း၊ မနိုင်ဝန်များဖြင့် နေ့စဉ်သွားလာနေရခြင်းတို့ ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ ကျန်လူအုပ်စုများအနေဖြင့် ထိခိုက်လွယ်မှု နိမ့်သည်။

ကျန်းမာရေးနှင့် အာဟာရ

၁၁။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာကို အနည်းဆုံး အကြွေးဝယ်ယူစားသောက်နိုင်ကြသော်လည်း အာဟာရပြည့်ဝ အောင် မစားတတ်ကြပါ။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ နေ့စဉ်စားသုံးနေ ရသော အစားအစာများ သန့်ရှင်းမှု နည်းပါးခြင်း၊ စားသုံးဆီများ မသန့်ခြင်း၊ ခါတ်မြေဩနှင့် ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲထားသော ဟင်းသီးဟင်းရွက်များကို နေ့စဉ်ဝယ်ယူ စားသုံး ရခြင်း၊ ကြာရှည်ခံဆေးများ အသုံးပြုထားသော အသား ငါး၊ အစို အခြောက်များကို စားသုံးနေ ကြရခြင်း၊ သဘာဝမဟုတ်သော ကြီးထွားမြန် အသားငါးများကို နေ့စဉ်မဖြစ်မနေ ဝယ်ယူစား

သုံးနေကြရခြင်း၊ ဈေးကွက်အတွင်း ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အသီး မှည့်ဆေး၊ ဟော်မုန်း အလွန်အကျွံ သုံးစွဲထားသော သစ်သီးဝလံများကို ရောင်းချနေခြင်း၊ နေ့စဉ်ဝယ် ယူစားသုံးနေ ရခြင်း၊ ဟင်းချိုမှုန့်၊ ကြက်သားမှုန့် များကို အလွန်အကျွံသုံးစွဲခြင်း၊ ဆိုးဆေး၊ ချွတ်ဆေး၊ ပွဆေးပါသော သရေစာများကို ရောင်းချခြင်း၊ မဖြစ်မနေ ဝယ်ယူစားသုံးနေရခြင်း၊ ဆင်းရဲသား များ ကျန်းမာရေး ဗဟုသုတနည်းခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်သည့် အလေ့အ ထမရှိခြင်း၊ လေ့ ကျင့်ခန်းလုပ်ရန် ကျန်းမာရေးပစ္စည်းကရိယာ မရှိခြင်းတို့ကြောင့် ဆီးချို၊ သွေး တိုးရောဂါမှာ ဖြစ်ပွါးမှု မြင့်သည်။

ပညာရေးနှင့် ကျွမ်းကျင်မှုများ

၁၂။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုအနေဖြင့် ယက္ကန်းလုပ်ငန်း လုပ်ကိုင်သူ အိမ် ထောင်စု (၁၀၉)အိမ်၊ ဆိုင်ကယ်ပြင် (၂) ဦး၊ ဆံပင်ညှပ်(၁) ဦး၊ ဈေးရောင်း (၆) ဦး၊ ကားမောင်း (၄) ဦး၊ ကျောင်းဆရာ/မ (၁၄) ဦးရှိသော်လည်း စက်ချုပ်၊ အလှပြင်စသည့် လုပ်ငန်းများတွင် လက်ရှိကျွမ်းကျင် မှုနည်းပါးခြင်း၊ ခေတ်မီပစ္စည်းကိရိယာ မပြည့်စုံခြင်း၊ ဝင် ငွေနှင့် အလုပ်အကိုင် ပုံမှန်မရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်အားခ နည်းခြင်းနှင့် အရင်းအနှီးနည်းပါးခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှ ဝင် ငွေနည်းပါးကြပါသည်။

၁၃။ ကျေးရွာ၏ပညာရေး အဆင့်အတန်းသည် အသင့်အတင့်အနေအထားတွင် ရှိကြောင်း တွေ့ရှိရ ပါသည်။ (၉)နှစ်အထက် ရွာသူ/သား (၉၄၄) အနက် စာမတတ်သူ (၈) ဦး ၊ မူလတန်း အဆင့်ရှိသူ ဦးရေ (၆၆၉)ဦး အလယ်တန်း အဆင့်ရှိသူ ဦးရေ(၁၁၈)ဦး၊ အထက်တန်း အဆင့် ရှိသူ ဦးရေ(၆၉)ဦးနှင့် တက္ကသိုလ်/ဘွဲ့ရ အဆင့်ရှိသူ ဦးရေ(၅၉)ဦး ရှိသည်ကို တွေ့ ရှိရပါသည်။

ကျားမဆိုင်ရာဆက်နွယ်မှု

၁၄။ ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှင့် ဓလေ့ထုံစံများအရ ကျားမ ခွဲခြားဆက်ဆံမှုအနေဖြင့် ကြီး မားသော ပြဿနာများ၊ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံ ခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာအတွင်း လူမှု အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် အမျိုးသမီးများ ထည့်သွင်းဖွဲ့စည်းလေ့မရှိခြင်း၊ အနည်းအ ကျဉ်းပါသောအခါတွင်လည်း အရေးပါသော ဆုံးဖြတ်ချက်ချနိုင်သော ရာထူး၊ နေရာပေးလေ့ မရှိခြင်း၊ အမျိုးသားနှင့် အမျိုးသမီးများမှာ လုပ်ငန်း အမျိုးအစား၊ အလုပ်လုပ်ချိန်၊ လုပ်အား

စိုက်ထုတ်ရမှု တူသော်လည်း လုပ်အားခတွင် တန်းတူမရရှိခြင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများအရ သားယောကျ်ားလေးကိုသာ ပညာရေးတွင် ဦးစားပေးခြင်း၊ အများစုမှာ အမျိုးသမီးများကို အလယ်တန်းအဆင့်အထိ၊ အခြေခံအရေး၊ အဖတ်အတွက် တတ်မြောက် ရုံသာ ပညာသင်ကြားပေးလေ့ရှိသည်ကို တွေ့ရှိရပါသည်။

ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

၁၅။ ကျေးရွာအတွင်းတွင် လူမှုအခြေပြု အဖွဲ့အစည်း (၂)ဖွဲ့ရှိသည်။ ၄င်းတို့မှာ လူမှုရေးကို အခြေခံ သောအဖွဲ့ (၁) ဖွဲ့နှင့် ဘာသာရေးကို အခြေခံသောအဖွဲ့ (၁) ဖွဲ့ဖြစ်ပါသည်။ ထို့ကြောင့် အဖွဲ့အစည်း ဆိုင်ရာ စီမံခန့်ခွဲမှု၊ မှတ်တမ်းနှင့် စာရင်းဇယားစနစ်တကျ ရေးသွင်းမှု၊ စနစ်တကျထိန်းသိမ်းမှု၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုစသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုများ တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

၁၆။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ (၂၈၇.၅) ဧကရှိသည်။ စိုက်ပျိုးမြေ အားလုံး၏ မြေအရည်အသွေးမှာ ညံ့ပြီး ဆည်မရှိသောကြောင့်လည်း စိုက်ပျိုးမြေအားလုံးမှာ နှစ်စဉ်မိုးရေကိုသာ အားကိုးစိုက်ပျိုးကြရသည်။ ထို့ကြောင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်းမရှိ၊ မိုးရေလုံလောက်မှုမရှိ၊ သီးနှံ အောင်ရေမရ၊ လိုအပ်သလို ရေသွင်း စိုက်ပျိုးနိုင်ခြင်းလည်း မရှိသောကြောင့် သီးနှံအထွက်နှုံး နည်းသည်။ စက်အဝီစိတွင်း/ ဆိုလာဖြင့် ရေတင်စိုက်ပျိုးနိုင်ပါက သီးနှံ

အထွက် တိုးလာမည်။ ဆည်မြောင်း ဆောက်လုပ်နိုင်ပါက စိုက်ပျိုးရေးအတွက် အလားအလာအထူးကောင်းမွန်လာမည်။ ကျေးရွာ၏ အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲနှင့် နှမ်းတို့ဖြစ်သည်။ စပါးစိုက်ပျိုးမြေ ဧကစုစုပေါင်းမှာ (၃၀) ဧကဖြစ်ပြီး ဝါဆိုလတွင် စတင်စိုက်ပျိုးကာ တန်ဆောင်မုန်းလတွင် ရိတ်သိမ်းကြသည်။ စပါး(၁)ဧက အထွက်နှုန်းမှာ အများဆုံး (၇၀) တင်းမှ အနည်းဆုံး (၄၀) တင်း၊ (၁)ဧက ပျမ်းမျှ အထွက်နှုန်းမှာ (၆၀) တင်းဖြစ် သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေအနေမှာ အသင့်အတင့်ဖြစ်သည်။မြေပဲစိုက်ပျိုးမြေ စုစုပေါင်း(၁၇)ဧကရှိပြီး ဝါခေါင်လတွင် စတင်စိုက်ပျိုးပြီး နတ်တော် လတွင် ရိတ်သိမ်းသည်။မြေပဲ(၁)ဧကအထွက်နှုန်းမှာ အနည်းဆုံး (၃၀) တင်းမှ အများဆုံး (၄၀) တင်း ထွက်သည်။ (၁)ဧကပျမ်းမျှ အထွက်နှုန်းမှာ (၃၀)တင်းနှုန်းထွက်သည်။

သွင်းအားစုလိုအပ်ချက် မြင့် သောကြောင့် အကျိုးအမြတ်နည်းသည်။ နှမ်း စိုက်ပျိုးမြေ စုစုပေါင်း (၃၀) ဧက ရှိပြီး ကဆုန်လတွင် စတင်စိုက်ပျိုးပြီး ဝါဆိုလတွင် ရိတ်သိမ်းသည်။ နှမ်း(၁)ဧက အထွက်နှုန်းမှာ အနည်းဆုံး (၇)တင်းမှ အများဆုံး (၈)တင်းထွက်သည်။ (၁)ဧကပျမ်းမျှ အထွက်နှုန်းမှာ (၆)တင်းနှုန်းထွက်ရှိသည်။ သွင်းအားစု လိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်နည်းသည်။ ၄င်းစိုက်ပျိုးမြေအများစုမှာ ပုံစံ (၇) မရှိသောကြောင့် စိုက်ဘဏ်မှ ချေးငွေမရနိုင်ကြပါ။ သွင်းရေမရရှိကြပါ။ မြန်မာ့စိုက်ပျိုးရေးမှ လိုအပ်သော မျိုးကောင်း မျိုးသန့်များကို လိုသလောက်၊ အချိန်မီ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ နည်းပညာ ဝန် ဆောင်မှုများလည်း ရရှိသည်။ ရရှိနိုင်သော မျိုးကောင်း မျိုးသန့်များကိုလည်း ရှင်းလင်းပြောကြားပေး သည်။

၁၇။ ကျေးရွာတွင် လက်တွန်းထွန်စက် (၂) စင်းနှင့် ရေစုပ်စက် (၁) လုံးတို့မှာ ပုဂ္ဂလိကပိုင်များသာ ဖြစ်သည်။လယ်ယာသုံး စက်ကရိယာများမှာလည်း အသေးစားများသာ ဖြစ်သောကြောင့် တစ်ပိုင်တစ်နိုင်သာ အသုံးပြုနိုင်ပြီး ငှားရမ်းအသုံးပြုရပါသည်။ **ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ အိမ်ခြေ(၅၁) ၏ ရာခိုင်နှုန်းမှာ (၁၉.၉%)သာ တစ်ပိုင်တစ်နိုင်အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသော ခိုင်းနွား (၁၉၃)ကောင်၊ နို့စားနွား(၁၀၉) ကောင်၊ ကျွဲ(၃၁)ကောင်၊ ဆိတ်(၁၄၂)ကောင်၊ သိုး(၇၀)ကောင်၊ ဝက် (၁၁) ကောင်၊ ကြက်(၁၅)ကောင် မွေးမြူထား သည်ကို တွေ့ရှိရပါသည်။ တိရိစ္ဆာန်ရောဂါ ကျရောက်ပါက တိမ်းကုဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပါသည်။** တိရိစ္ဆာန်ရောဂါ ကျရောက်ပါက တိမ်းကုဦးစီးဌာနသို့ အလွယ်တကူ ဆက်သွယ်နိုင်ပြီး ကုန်ကျစရိတ် (၁၅၀၀၀) ကျပ်ခန့် ရှိနိုင်ပါသည်။ မွေးမြူရေး၏ အဓိကအခက်အခဲမှာ နည်းပညာ ဝန်ဆောင်မှု အခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိပါ။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

၁၈။ ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်၍ ကိုယ်ပိုင်ယက္ကန်းလုပ်ကိုင်သည့်

၈

အိမ်ထောင်စု(၅၀)တွင် မိသားစုဝင်လုပ်အား(၁၂၇)ဦး၊ နေ့စားယက္ကန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၅၉) စုအိမ်တွင် မိသားစုဝင်လုပ်အား (၁၂၂)ဦးရှိပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများတွင် ကြံရာနေ့စား များလည်း လုပ်ကိုင်ကြပါသည်။ စက်ချုပ်၊ ဈေးဆိုင်နှင့် အရောင်းအဝယ် လုပ်ကိုင်သူများလည်း အသင့် အတင့်ရှိပါသည်။ အခြားမိသားစု ဝင်ငွေလုပ်ငန်းအဖြစ် ကားမောင်းနှင့် ထော်လာကျီမောင်းလုပ်ကိုင်သူ (၇)ဦးရှိပါသည်။ လစာပုံမှန်ရရှိသော ဝန်ထမ်း အနည်း

ငယ်ရှိပါသည်။

ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၁၉။ ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမငွေချေးစနစ် တို့ရှိသည်။ စိုက်ဘဏ်ချေးငွေသည် ကျေးရွာရှိတောင်သူ အနည်းစု၏ လယ်ယာမြေအတွက် ချေးငွေ ထုတ်ချေးထားပါသည်။ ၄င်းချေးငွေသည် ပုံစံ (၇) ရှိသောလယ်ယာမြေ တောင်သူများသာ ချေးယူခွင့်ရှိသည်။ ချေးငွေကာလမှာ မိုးသီးနှံအတွက် (၈)လ၊ ဆောင်းသီးနှံအတွက် (၆)လ ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၈၅%) ဖြစ်သည်။ သို့သော် စိုက်ဘဏ်ချေးငွေမှာ အချိန်မီထုတ်ချေးပေးခြင်းမရှိခြင်း၊ ကုန်ကျစရိတ် လုံလောက်မှုမရှိခြင်းနှင့် ကာလတို ချေးငွေဖြစ်ခြင်း၊ ပြန်ဆပ်ချိန်ကို အတိအကျ သတ်မှတ် ထားသောကြောင့် သီးနှံအောင်ပါက စျေးကောင်းမစောင့်နိုင်ဘဲ ရောင်းချပြန်ဆပ်ရခြင်း၊ ရာသီဥတု အခြေအနေကြောင့် သီးနှံမအောင်မြင်ပါကလည်း မိမိပိုင်သည့် ပစ္စည်း(ကျွဲ၊ နွား၊ လယ်၊ ယာ၊ ရွှေထည်) စသည်များအား ရောင်း၊ ပေါင် ပြီးမဖြစ်မနေ ပေးဆပ်ကြရသည်။

၂၀။ သမဝါယမချေးငွေမှာ အသင်းဝင် လူဦးရေ(၇၀) ခန့်ကို တစ်ဦးလျှင် (၁၀၀၀၀၀)ကျပ်နှင့် အတိုး နှုန်း (၁.၅)ရာခိုင်နှုန်းဖြစ်သည်။ ချေးငွေကာလမှာ (၆)လဖြစ်ပြီး အကြေဆပ်ပြီးပါက ပြန်လည် ချေးငှားနိုင်သည်။ ကျေးရွာအတွင်း ငွေတိုးချေးသူထံမှ ချေးငှါးရာတွင် ယာမြေအပေါင်ထားပြီး အတိုးနှုန်းမှာ(၁၀%)၊(၂၀%)ဖြစ်သည့်အပြင် သီးနှံပေါ်ချိန် အမြန်ပြန်လည် ပေးဆပ်ရသောကြောင့် ဆင်းရဲသားများအတွက် ငွေချေးရာတွင် များစွာအခက်အခဲရှိသည်။ ယုံကြည်မှုလည်း နည်းသောကြောင့် အပေါင်ခံ ပစ္စည်းမရှိပါက ငွေချေးယူရန် အခက်အခဲရှိသည်။

ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

၂၁။ ကျေးရွာတွင် မူလတန်းကျောင်းခွဲရှိပြီး မူလတန်းကျောင်းနေအရွယ် ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၆၇) **ယောက်၊ အလယ်တန်း ကျောင်းနေအရွယ်** ကျောင်းသား/ ကျောင်းသူ (၂၈)**ယောက် ရှိသည်ကိုတွေ့ရှိရသည်။ လက်ရှိကျောင်းတွင် ပညာသင်ကြားနေသည့် မူလတန်းနှင့် အလယ်တန်း ကျောင်းသား ဦးရေစုစုပေါင်း (၉၂)ယောက်ရှိသည်။ အလယ်တန်း**

(၃)ယောက်၊ အထက်တန်း(၈) ယောက်တို့သည် ကျေးရွာနှင့် (၂)မိုင်ကွာဝေးသည့် ဝမ်းတွင်း မြို့သို့သွားရောက် ပညာသင်ကြားနေကြ သည်။ ကျောင်းဆရာ အရေအတွက်မှာ အစိုးရခန့် ကျား

(၂)ဦး၊ မ (၆) ဦး ၊စုစုပေါင်း (၈) ဦးရှိပါသည်။ မိဘဆရာ အသင်း၏ လှုပ်ရှားမှုနှင့် စိတ်ဝင် စားမှု ကောင်းမွန်သည်။

၂၂။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ လက်ရှိ ကျေးရွာအုပ်စု (၄)ရွာတွင် ကျန်းမာရေး စောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေးပညာပေးများ လုံလောက်မှုမရှိပါ။ တစ်ရွာလျှင် သားဖွါးဆရာမ တစ်ဦးခန့်ထားပေးရန် (သို့မဟုတ်) အရံသားဖွါး သင်တန်းပေးရန် လိုအပ်သည်။ ကျေးရွာအတွင်း အရေးပေါ်ဖြစ်ပါက (၂)မိုင်ဝေးသော ဝမ်းတွင်းပြည် သူ့ဆေးရုံနှင့် (၂၁)မိုင်ဝေးသော မိတ္ထီလာ ပြည်သူ့ဆေးရုံကြီးသို့ ကျေးရွာရှိ လူမှုကူညီရေးကားဖြင့် အချိန်မရွေး သွားကြရသည်။

၂၃။ **ကျေးရွာတွင် ရေတွင်း(၁၀)တွင်း၊ အဝီစိတွင်းစက်တပ်(၆၅)တွင်း၊ အဝီစိတွင်းတုံကင် (၅၅) တွင်းရှိသောကြောင့် ကျေးရွာအတွင်းရှိ ရွာသူ၊ရွာသားများ ရေလုံလောက်မှု ရှိပါသည်။ ကျေးရွာတွင် အိမ်ခြေ(၂၅၆)အိမ်ရှိသော်လည်း ယင်လုံအိမ်သာ(၂၀၀) လုံးသာရှိသည်။ ကျန်(၅၆) အိမ်မှာ ယင်လုံအိမ်သာ မရှိ၍ တောထိုင် အသုံးပြုလေ့ရှိကြသည်။**

လူငယ်နှင့် ယဉ်ကျေးမှု

၂၄။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ မိသားစုဝမ်းစာအတွက် အလုပ်လုပ်ကိုင်ကြရသောကြောင့် ကျေးရွာလူမှုရေးလုပ်ငန်း၊ ဘာသာရေးပွဲတော်များတွင်လည်း ကောင်းစွာပါဝင်နိုင်ခြင်း အားနည်းသည်။ အားကစားနှင့် အားကစားပစ္စည်းများတွင်လည်း လက်လှမ်းမီမှု အားနည်းပြီး ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော အနည်းအကျဉ်း ကစားကြသည်။ အားကစားပစ္စည်းများ ပြည့်စုံမှုမရှိကြပါ။ ယဉ်ကျေးမှု ထိန်းသိမ်းခြင်းနှင့် ရိုးရာပွဲများ ထိန်းသိမ်းမှုလည်း အားနည်းနေကြပြီဖြစ်သည်။ လူငယ်များမှာလည်း စာဖတ်အားနည်းသည်ကို တွေ့ရသည်။ လူငယ်တိုင်းလိုလို အင်တာနက် အသုံးပြုကြသော်လည်း ဆက်သွယ်ရေးလိုင်း မကောင်းပါ။ ဖေ့စ်ဘုတ်၊ ဗိုက်ဘာတို့ကိုသာ အများဆုံး အသုံးပြုကြပြီး အရေးကြီးသော စီးပွါးရေး၊ ပညာရေး၊ နိုင်ငံရေး၊ သတင်း တို့တွင် လေ့လာမှု အားနည်းနေသေးသည်။

အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၅။ ကျေးရွာမှ ကုန်စိမ်း၊ သားငါး နှင့်လူသုံး ကုန်ပစ္စည်းများကို (၂) မိုင်ခန့်ဝေးသော ဝမ်းတွင်းဈေးသို့ သွားရောက်ဝယ်ယူကြရသည်။ **ကျေးရွာ၏ ချဉ်းကပ်လမ်းမှာ (၄)ဖာလုံအရှည်ရှိပြီး**

(၂၀၁၄)ခုနှစ်တွင် ကတ္တရာလမ်းခင်းထားပါသည်။ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး(၅၈)စီး၊ မော် တော်ဆိုင်ကယ်(၂၁၅)စီး၊ ကား(၆)စီး၊ ထော်လာကျီ(၁၂)စီး၊ မြင်းလှည်း(၁)စီး၊ နွားလှည်း(၉)စီးရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အများ ဆုံး အသုံးပြုကြသည်။

၂၆။ ကျေးရွာတွင်လျှပ်စစ်မီးရရှိသော်လည်း အလွန်ဆင်းရဲသည့် မိသားစုများမှ ငွေကြေးအခက်အခဲကြောင့် လျှပ်စစ်မီး အသုံးပြုနိုင်မှုမရှိပါသဖြင့် ဖယောင်းတိုင်မီး၊ ဆိုလာမီး၊ ဓါတ်ခဲမီးများဖြင့် အသုံးပြု နေထိုင်ကြသည်။ ကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နည်းပညာများနှင့်ပတ်သတ်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း(၃၂၄)လုံး၊ ရေဒီယို(၂)လုံး၊ တီဗီ(၁၀၃) လုံး၊စလောင်း (၁၈)လုံးရှိသည်ကို တွေ့ရှိရသည်။

တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၂၇။ ကျေးရွာတွင် ဝမ်းတွင်းမြို့နယ်နှင့် (၂)မိုင်သာကွာဝေး၍ မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ် အေးချမ်းမှု ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

၂၈။ ကျေးရွာလူထု၏ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်လည်း သင့်တော်သော ရေ၊ မြေ၊ ရာသီဥတု၊ မြေနေရာ အကျယ်အဝန်းနှင့် စိုက်ပျိုး မြေများလည်းရှိသည်။စိုက်ပျိုးရေး၊မွေးမြူရေးမှ ထွက်သော ထုတ်လုပ်ကုန်များအတွက်လည်း ဈေးကွက် အလုံအလောက်ရှိသည်။ မွေးမြူရေးအတွက်လည်း စားကျက်နယ်မြေ သီးသန့်မရှိသော်လည်း သီးနှံများရိတ်သိမ်းပြီးချိန်တွင် လွတ်ကျောင်းနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး တနှစ်ပါတ်လုံး၊ အချိန်မရွေး၊ ယာဉ်မျိုးစုံ သွားလာနိုင်သည်။ တယ်လီဖုန်း ဆက်သွယ်ရေးအနေဖြင့်လည်း အမ်ပီတီ၊ အော်ရီဒူး နှင့် တယ်လီနော (၃) မျိုးစလုံး ဆက်သွယ်နိုင်ပြီး ဈေးကွက်နှင့် သတင်းအချက်အ လက်များ အချိန်နှင့် တစ်ပြေးညီ ရယူနိုင်သည်။ လုံခြုံရေးအရလည်း နယ်မြေဒေသ အေးချမ်းသာယာပြီး လွတ်လပ်စွာ၊ လုံခြုံစွာ သွားလာ

နိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို လုံခြုံချောမွေ့စေသည်။

အဟန့်အတားများ၊ ကျော်လွှားရမည့် စိန်ခေါ်မှုများ

၂၉။ ကျေးရွာရှိ စိုက်ပျိုးမြေများမှာ မြေဆီဩဇာ ညံ့သည်။ စိုက်ပျိုးမြေ တိုးချဲ့ရန် နေရာမရှိ။

လယ်ယာသုံးစက်ကရိယာ လုံလောက်မှုမရှိ။ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုစရိတ် ကုန်ကျမှုမြင့်သည်။ ပုံစံ (၇) ရရန် အခက်အခဲရှိသည်။ စိုက်ပျိုးရေအတွက် ဆည်မြောင်းများမရှိ၊ သွင်းရေမရရှိကြပါ။ သွင်းအားစုနှင့် ကုန်ကျစရိတ်မြင့်မားသောကြောင့် အကျိုးအမြတ်နည်းသည်။ အတိုးနှုန်းသက်သာပြီး နှစ်ရှည်သင့်တော်သော စိုက်ပျိုးရေးချေးငွေ မရရှိ။ လက်ရှိ စိုက်ဘဏ် ငွေချေးစနစ်မှာ တောင်သူများအတွက် ထိရောက်မှုနည်းသည်။ စိုက်ပျိုးထုတ်လုပ်ရောင်းချသော သီးနှံများ ဈေးနှုန်းတည်ငြိမ်မှုမရှိ၊ ကုန်သည် ပွဲစားများ၏ ခေါင်းပုံဖြတ်ခံကြရသည်။ ဈေးကွက်သို့ သွားရောက် ရောင်းချရန် ပုံမှန်ပြေးဆွဲသည့် အများပြည်သူသုံး ဘတ်စ်ကားများမရှိ။ သီးခြားယာဉ်ငှါးရမ်း သယ်ယူပို့ဆောင်ရသောကြောင့် ကုန်ကျ မှုစရိတ်များသည်။ ပွဲရုံများသို့ သွားရောက်ရောင်းချရာတွင်လည်း အလေးတင်းတောင်းမှန်ကန်မှုမရှိ။ ရွေးချယ်ရန် နည်းလမ်းနှင့် နေရာမရှိသောကြောင့် မဖြစ်မနေ ရောင်းချကြရသည်။ အစိုးရအနေ ဖြင့်လည်း အရေးယူကြီးကြပ်ဆောင်ရွက်ပေးခြင်းမရှိ။

၃၀။ မွေးမြူရေးတွင် ရာသီအလိုက်ရောဂါများ ဆိုးရွားစွာ ကျရောက်လေ့ရှိသဖြင့် မွေးမြူသူများ နှစ်စဉ် ဆုံးရှုံးမှုများသည်။ ၄င်းအတွက် ထိရောက်သော ကာကွယ်ဆေးထိုးခြင်း၊ နည်းပညာဝန်ဆောင်မှုများလည်း မရကြပါ။ ကျေးရွာတွင်လည်း နည်းပညာကျွမ်းကျင်သူမရှိ။ မွေးမြူရေးကုသစရိတ်မြင့်မားသည်။ အရင်းအနှီးများပြီး မွေးမြူရေးချေးငွေလည်း မရကြပါ။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန် လုပ်ငန်းလည်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။ အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင်လည်း ကျွမ်းကျင်မှု အားနည်းသည်။ အရင်းအနှီးလည်း နည်းသည့်အပြင် ချေးငွေစနစ်လည်း မရှိပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

၃၁။ ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။ ကျေးရွာတွင် အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစား စီးပွားရေး လုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံကျွမ်းကျင်မှု သင်တန်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန် လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများချမှတ် လုပ်ဆောင်ရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

၃၂။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ကျွန်တော်တို့ (၅)နှစ် တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

၃၃။ ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ အလားတူ နှစ်ရှည်ပင် စိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးမည့် အပင်အမျိုးအစားနှင့် အရင်းအနှီး လိုအပ်ချက်အပေါ် မူတည်၍ မြစိမ်းရောင်ချေးငွေနှင့် နှစ်ရှည်ချေးငွေများ လိုအပ်ပါသည်။

စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

၃၄။ စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက် ဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါသည်။

ဦးစားပေးစီမံချက်များ

၃၅။ စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦး	၁။ အုတ်စီရေမြောင်းနှင့်ဖြတ်မြောင်းများတည်ဆောက်ခြင်း	၉၅	၁		
၂။ လမ်းတံတား	၂။ ရွာတွင်းလမ်းဂျင်းမြေခင်းခြင်း	၇၀	၂		
၃။ ပညာရေး	၃။ မူလတန်းလွန်ကျောင်းတွင်စက်ရေတွင်းတူးဖော်ခြင်းနှင့်ရေသန့်စက်တည်ဆောက်ခြင်း	၆၆	၃		
၄။ ကျန်းမာရေး	၄။ ကျေးလက်ဆေးပေးခန်းအဆောက်အဦးတည်ဆောက်ခြင်း	၆၃	၄		

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၅။ လျှပ်စစ်	၅။ (၃၁၅)ထရန်စဖော်မာအိုးတိုးချဲ့ခြင်း	၆၀	၅		

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

၃၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

၃၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်တော်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၃၈။ ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ် စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

၃၉။ ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေး ဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံချက် ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

စီမံချက်	ဦးစားပေး အဆင့်	ကာလ					မှတ်ချက်
		၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	
အုတ်စီရေမြောင်းနှင့်ဖြတ်မြောင်းများတည်ဆောက်ခြင်း	၁	၊					
ရွာတွင်းလမ်းကျင်းမြေခင်းခြင်း	၂		၊				
မူလတန်းလွန်ကျောင်းတွင်စက်ရေတွင်းတူးဖော်ခြင်းနှင့်ရေသန့်စက်တည်ဆောက်ခြင်း	၃			၊			
ကျေးလက်ဆေးပေးခန်းအဆောက်အဦးတည်ဆောက်ခြင်း	၄				၊		
(၃၁၅)ထရန်စဖော်မာအိုးတိုးချဲ့ခြင်း	၅					၊	

ဘက်ဂျက်နှင့်ငွေကြေးဆိုင်ရာဗဟုသုတအစီအစဉ်

၄၀။ ဘက်ဂျက်အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကို အခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

စဉ်	စီမံချက်	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	ငွေလုံးငွေရင်းအသုံးစရိတ်			
			သာမန် အသုံး စရိတ်	ငွေလုံး ငွေရင်း ရင်းနှီး မြှုပ်နှံမှု	စွမ်းဆောင် ရည်မြှင့် တင်ရေး	လူသားချင်း စာနာမှု
အထောက်အပံ့						
၁။	အုတ်စီရေမြောင်းနှင့်ဖြတ် မြောင်းတည်ဆောက်ခြင်း			√		
၂။	ရွာတွင်းလမ်းကျင်းမြေခင်းခြင်း			√		
၃။	မူလတန်းကျောင်းတွင်စက် ရေတွင်းတူးဖော်ခြင်းနှင့်ရေ သန့်စက်တည်ဆောက်ခြင်း			√		
၄။	ကျေးလက်ဆေးပေးခန်းအ ဆောက်အဦးတည်ဆောက် ခြင်း			√		
၅။	(၃၁၅)ထရန်စမော်မာအိုး တိုးချဲ့ခြင်း			√		

ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

၄၁။ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင် ရွက်ရန်ဖြစ်ပါသည်။ မြို့နယ်ဌာနဆိုင်ရာများနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများ ရယူရပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီ အစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

၄၂။ ကျွန်တော်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်း အလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အစားတာဝန်အပ်နှင်း ဆောင်ရွက် မည်ဖြစ်ပါသည်။

စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၄၃။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါမည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ပါမည်။

၄၄။ ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင် ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ကြီးကြပ် စစ်ဆေး

ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်း အလိုက် တာဝန်ယူ ဆောင်ရွက်နေသော ကော်မတီဝင်များမှ မိမိတို့တာဝန်ကျရာ ကဏ္ဍ အလိုက် စစ်ဆေးသုံးသပ်ပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအခြေအနေ

၄၅။ ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု အခြေအနေများအား နောက်ဆက်တွဲ ပုံစံ ဇယားများဖြင့် ပြုစုတင်ပြအပ်ပါသည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၂၇	၄၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၀	၄၀	၇၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၉	၃၄	၇၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၀	၅၁	၁၀၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၃၁	၄၀၆	၇၃၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၂	၆၄	၁၀၆
စုစုပေါင်း		၅၀၈	၆၂၂	၁၁၃၀
စုစုပေါင်း အိမ်ထောင်စု		၂၅၆		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ ထီးလှိုင်(အရှေ့)ကျေးရွာတွင်အိမ်ခြေ(၂၅၆)အိမ်မှ လူဦးရေပေါင်း (၁၁၃၀)ရှိပါသည်။ ကျားဦးရေမှာ (၅၀၈)ဦး ရှိပါသည်။ မဦးရေမှာ (၆၂၂)ဦးရှိပါ သည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄.၄)ရှိသဖြင့် မြန်မာနိုင်ငံ၏ လူဦးရေစံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေတိုးပွားမှုမှာ (၅)ယောက်နှုန်းထက် အနည်းငယ်သာ လျော့နည်းနေပါ သည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်သူဦးရေမှာ (၇၃၇)ဦး၊(၆၅.၂%)ရှိပြီး၊ မှီခိုလူဦးရေမှာ (၃၉၃)ဦး၊ (၃၄.၈%) ရှိသောကြောင့် ကျေးရွာ၏အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာအသင့်အတင့်ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေ

ထက်(၇၅)ဦး၊ (၆.၆%) ပိုများသည်ကို တွေ့ရှိရပါသည်။ (၁)နှစ်အောက် လူဦးရေမှာ(၄၃)ဦး (၃.၈%)ရှိသည်ကို တွေ့ရှိရပါသည်။ (၅)နှစ်အောက်လူဦးရေမှာ (၇၀)ဦး (၆%) ရှိသဖြင့် (၅)နှစ် အောက် ကလေးများအား ကာကွယ်ဆေးထိုးရမည့် အရေအတွက် အတိအကျသိရပါသည်။ မူလ တန်းနှင့် အလယ်တန်းကျောင်းနေအရွယ် လူဦးရေကိုလည်း သိရှိရပြီး ကျောင်းနေအရွယ်ကလေး တိုင်း ကျောင်းနေနိုင်ခြင်းရှိ၊ မရှိကို အလွယ်တကူ သိရှိရပါသည်။ (၆၅)နှစ်အထက်သက်ကြီးရွယ်အို (၁၀၆)ဦး (၉.၄%)ရှိသဖြင့် ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်းသိရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၁၁		မြင့် □ လတ်□ နိမ့် Â
	အလုပ်သမား / ဝန်ထမ်း		၁	၁၂၃	မြင့် □ လတ်□ နိမ့် Â
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	၁	မြင့် □ လတ်□ နိမ့် Â
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၁၂၇		မြင့် ☐ လတ် **Â** နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၅၉	၁၂၂		မြင့် ☐ လတ် **Â** နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၉	၅၉		မြင့် ☐ လတ် **Â** နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၆		မြင့် ☐ လတ်☐ နိမ့် **Â**
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၄	မြင့် ☐ လတ်☐ နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း			၄	မြင့် ☐ လတ်☐ နိမ့် **Â**
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		မြင့် ☐ လတ်☐ နိမ့် **Â**
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၁၄	မြင့် ☐ လတ်☐ နိမ့် **Â**
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၅	၁၅၉	၂၇	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁		၁	မြင့် ☐ လတ်☐ နိမ့် **Â**
	စုစုပေါင်း				☒

